ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၄ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၆/၂၀၂၄)

ဒေါ်ဝင်းလဲ့မိုး (အလုပ်သမား)
အမှတ်(၁၂၇)၊ နွယ်နီ(၂)လမ်း၊
လှိုင်သာယာမြို့နယ်။ } လျှောက်ထားသူ

နှင့်

Mr. Xia Xinglei (အလုပ်ရှင်)
ဒေါ်တင်နီလာထွန်း (HR)
Myanmar Dongxin Garment Co.,Ltd (အထည်ချုပ်စက်ရုံ)
အမှတ်(၂၄)၊ နဝဒေးမင်းကြီးလမ်း၊ စက်မှုဇုန်(၃)၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၃)၊ နဝဒေးမင်းကြီးလမ်း၊ အမှတ်(၂၄)ရှိ Myanmar Dongxin Garment Co.,Ltd (အထည်ချုပ်စက်ရုံ) အလုပ်ရှင် Mr. Xia Xinglei ၊ ဒေါ်တင်နီလာထွန်း (HR) နှင့် အလုပ်သမား ဒေါ်ဝင်းလဲ့မိုး တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၂၁/၂၀၂၄)ဖြင့် ကြားနာစစ်ဆေးခဲ့ပြီး ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုတွင် တောင်းဆိုသူ အလုပ်သမား ဒေါ်ဝင်းလဲ့မိုးက တောင်းဆိုခြင်းခံရသူ အလုပ်ရှင် Mr. Xia Xinglei ၊ Myanmar Dongxin Garment Co.,Ltd (အထည်ချုပ်စက်ရုံ)ထံ ၎င်းအား ခိုင်လုံသည့်အကြောင်းပြချက်တစ်စုံတစ်ရာမျှမရှိဘဲ အလုပ်မှ ထုတ်ပယ်ရပ်စဲခြင်းအပေါ်တွင် အလုပ်လက်မဲ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သွယ်ဝိုက်သော နည်းလမ်းကို အသုံးပြုကာ လုပ်သက်အလိုက် နစ်နာကြေးနှင့် နို့တစ်ကြေးများကို ခံစားခွင့်ပြု၍ အလုပ်မှရပ်စဲခဲ့သည့်အပေါ် ၂၂-၇-၂၀၂၄ ရက်နေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် တိုင်ကြားရာမှ ဖြစ်ပွားသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အောက်ပါအတိုင်း ကောက်ချက်(၁) ချက်ရေးဆွဲ၍ ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို အလုပ်သမား ဒေါ်ဝင်းလဲ့မိုးမှ ကျေနပ်မှုမရှိ၍ ပြင်ဆင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။

**ကောက်ချက်။** အလုပ်ရှင်က အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်က အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။ သို့သော် နို့တစ်ကြေး(၁)လစာ ၃၆၂၀၀၀/- ကျပ်နှင့် နစ်နာကြေး (၁)လစာ ၃၆၂၀၀၀/- ကျပ် စုစုပေါင်း ၇၂၄၀၀၀/- ကျပ်အား အလုပ်ရှင်က ပေးရန် ဆုံးဖြတ်လိုက်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၂၁/၂၀၂၄) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမားဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၁၆/၂၀၂၄) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီမာ (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးသန်းမောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးမောင်မောင်အေး (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ တောင်းဆိုသူ အလုပ်သမား ဒေါ်ဝင်းလဲ့မိုးက အလုပ်ရှင်မှ ခိုင်လုံသော အကြောင်းပြချက်မရှိ အလုပ်ထုတ်ပယ်ရပ်စဲမှုအပေါ်တွင် မူလနေရာ၊ မူလဌာန၊ မူလရာထူး၊ မူလလစာ၊ မူလလုပ်သက် တစ်ဆက်တည်းဖြင့် အလုပ်ပြန်လည်ရလိုကြောင်း တင်ပြတောင်းဆိုမှုအပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ၂၁-၈-၂၀၂၄ ရက်စွဲပါ ဆုံးဖြတ်ချက်အရ အလုပ်ရှင်၊

အလုပ်သမား အငြင်းပွားမှုအား ပြေငြိမ်းစေရန်ရည်ရွယ်ချက်ဖြင့် ချမှတ်ပေးသော ဆုံးဖြတ်ချက်မှာ အလုပ်သမားဖြစ်သူ ဒေါ်ဝင်းလဲ့မိုးအား အလုပ်အကိုင်တည်မြဲရေးကို ရှေးရှု၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းမရှိဘဲ အခြေခံအလုပ်သမားများအပေါ် အလုပ်ရှင်ဘက်မှ အပြစ်မရှိသည့် အပြင် အကြောင်းပြချက် ခိုင်လုံစွာ ထောက်ပြခြင်းမျိုး တစ်စုံတစ်ရာမရှိဘဲ အလုပ်မှ ထုတ်ပယ် ရပ်စဲခြင်းအပေါ်တွင် အလုပ်လက်မဲ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သွယ်ဝိုက်သော နည်းလမ်းကို အသုံးပြုကာ လုပ်သက်အလိုက်နစ်နာကြေးနှင့် နို့တစ်ကြေးများကို ခံစားခွင့်ပြု၍ အလုပ်မှ ရပ်စဲနိုင်သော ဆုံးဖြတ်ချက်ချမှတ်ပေးသည်မှာ အလုပ်သမားအနေဖြင့် အလုပ်လက်မဲ့ ဖြစ်ရသည့် အပြင် စားဝတ်နေရေးအခက်အခဲနှင့် လူနေမှုရပ်တည်မှုများစွာ ထိခိုက်စေသောကြောင့် ကျေနပ်မှု မရှိ၍ ခုံသမာဓိကောင်စီထံသို့ တင်ပြလာခြင်းဖြစ်သည်။

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုစစ်ဆေးရာတွင် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(က)အရ သက်ဆိုင်ရာအငြင်းပွားသူများကို "**ကြားနာလိုက ကြားနာစစ်ဆေးခြင်း သို့မဟုတ် ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ် နိုင်သည်**"ဟု ပြဋ္ဌာန်းချက်အရ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ် သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိ ပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသော စာရွက်စာတမ်းများ၊ အထောက်အထား သက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်း ခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါ အတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်။** (၁) အလုပ်ရှင်က အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်လည်ခန့်ထား ရန် သင့်/မသင့်။

(၂) အလုပ်ရှင်က အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအား ကြားကာလနစ်နာကြေး ပေးရန် သင့်/မသင့်။

**တွေ့ရှိချက်နှင့်သုံးသပ်ချက်**

၇။ အမှုတွဲတွင် ပေါ်ပေါက်သော တင်ပြချက်များအရ ဒေါ်ဝင်းလဲ့မိုးသည် ၆-၁၀-၂၀၂၂ ရက်နေ့တွင် Sample ရာထူးဖြင့် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး လစာ အချိန်ပိုမပါ (၃၆၂၀၀၀/-ကျပ်) ရရှိခဲ့ကြောင်း၊ ၁၂-၇-၂၀၂၄ ရက်နေ့တွင် အလုပ်မှရပ်စဲခံရကြောင်း၊ ရပ်စဲခံရသည့်အကြောင်းမှာ လိုင်း(၇) တွင် A Grade သမားများ လစာတူမရသဖြင့် လိုင်း(၇)မှ ဒေါ်စုဒါလီဝင်းအား ခေါ်ယူပြီး လန်းဆန်းမြန်မာအထည်ချုပ်သမဂ္ဂမှ ဒေါ်ဖြိုးသီတာဝင်းနှင့် ဒေါ်ဖူးမြင့်သွယ်တို့ တိုင်ပင်ပြီး ဒေါ်စုဒါလီဝင်းအား WCC ထံ စာတင်ရန် ပြောခဲ့၍ WCC တွင် ညှိနှိုင်းကြပြီး လိုင်း(၇)မှ အလုပ်သမား ဒေါ်စုဒါလီဝင်းပါ (၉)ဦးတို့အား ဖြေရှင်းပေးခဲ့သဖြင့် ၎င်းတို့အားလုံးကျေနပ်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ကျေနပ်ပြေလည်ခဲ့သော်လည်း ဒေါ်ဝင်းလဲ့မိုးက ကျေနပ်မှုမရှိဘဲ WCC သို့ ထပ်မံတိုင်ကြားရန် ပြောဆိုခဲ့သော်လည်း ဒေါ်စုဒါလီဝင်းပါ (၉)ဦးတို့က ထပ်မံမတိုင်ကြားလိုကြောင်း ပြောခြင်းအပေါ် ဒေါ်ဝင်းလဲ့မိုးက ကျေနပ်မှုမရှိဘဲ ဝန်ထမ်းများအား တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ကြောင်း၊ ထိုခြိမ်းခြောက်ခံရသည့်ကိစ္စအား ဖြေရှင်းပေးရန် ထိုဝန်ထမ်းများက WCC သို့ တင်ပြခဲ့ပါကြောင်း၊ ထို့ပြင် ဒေါ်စုဒါလီဝင်းပါ (၉)ဦးအား ပြင်ပအမည်မသိသူမှ အန္တရာယ်ရှိစေမည့် ခြိမ်းခြောက်မှုများ ရှိခဲ့ကြောင်း သက်ဆိုင်ရာရဲလုံခြုံရေးများထံ သတင်းပို့ အကြောင်းကြားခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဒေါ်ဝင်းလဲ့မိုးသည် အလုပ်သမား ဒေါ်စုဒါလီဝင်းပါ (၉)ဦးတို့၏ ကိစ္စနှင့်စပ်လျဉ်းပြီး ဝင်ရောက်စွက်ဖက်ခြိမ်းခြောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်နေသည်ဟု သုံးသပ်ရရှိပါသည်။

၈။ အထက်ဖော်ပြပါ ကိစ္စဖြစ်ပြီးနောက် အလုပ်ရှင်မှ အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအား နစ်နာကြေးပေး၍ အလုပ်ရပ်စဲခဲ့ခြင်းအပေါ် ဒေါ်ဝင်းလဲ့မိုးက နစ်နာကြေး လက်မခံဘဲ အလုပ်ခွင်ပြန်လည်ဝင်ရောက်လိုကြောင်း တင်ပြရာမှ ညှိနှိုင်းပြေလည်မှုမရရှိဘဲ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းထားခဲ့ကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က နှစ်ဖက်ဆက်ဆံရေးမပြေလည်သည့်အခြေအနေတွင် အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအနေဖြင့် အလုပ်ခွင်ကို ပြန်လည်ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက လုပ်ငန်းခွင်ဆက်ဆံမှုအခြေအနေ မည်သို့မျှ ကောင်းနိုင်ဖွယ်ရာမရှိကြောင်း ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်မခန့်သင့်ကြောင်း သုံးသပ်၍

အလုပ်ရှင်က အလုပ်သမား ဒေါ်ဝင်းလှဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း သို့သော် နို့တစ်ကြေး(၁)လစာ ၃၆၂၀၀၀/- ကျပ်နှင့် နစ်နာကြေး(၁)လစာ ၃၆၂၀၀၀/- ကျပ် စုစုပေါင်း ၇၂၄၀၀၀/- ကျပ် အား အလုပ်ရှင်က ပေးရန် ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ခုံသမာဓိအဖွဲ့သည် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာထက်ပို၍ ဆောင်ရွက်ခြင်း၊ အပ်နှင်းထားသော စီရင်ပိုင်ခွင့်အာဏာကို လက်ခံနိုင်ဖွယ်မရှိအောင် ကျင့်သုံးရန် ပျက်ကွက်ခြင်းတို့ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း လျှောက်ထားသူ အလုပ်သမား၏ လျှောက်ထားလွှာတွင် ပေါ်ပေါက်ခြင်းမရှိပေ။ အမိန့်/ ဆုံးဖြတ်ချက်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည်ဟုလည်းကောင်း ပေါ်လွင်ခြင်းမရှိလျှင် ယင်းအမိန့်/ဆုံးဖြတ်ချက်မျိုးကို ပယ်ဖျက်ခွင့်မရှိကြောင်း ဒေါ်ညွန့်ရီ(လျှောက်ထားသူ)နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အတွင်းဝန်ပါ(၂) (လျှောက်ထားခြင်းခံရသူ) အမှု[၁] တွင် ညွှန်ပြထားကြောင်း စီရင်ထုံးသာဓကရှိသည်။ အလုပ်သမား ဒေါ်ဝင်းလှဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားမည်ဆိုပါက အလုပ်သမားများစည်းလုံးညီညွတ်ရေး၊ အလုပ်ရှင်နှင့်အလုပ်သမား ဆက်ဆံမှု ပြေလည်စေရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးတို့ကို ထိခိုက်နိုင်ကြောင်း တွေ့ရှိရ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အလုပ်သမား ဒေါ်ဝင်းလှဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားခြင်းမပြုဘဲ နစ်နာကြေးပေးရန် ဆုံးဖြတ်ချက်သည် ဥပဒေအရလည်းကောင်း၊ လူမှုရေးတရားမျှတမှုအရလည်းကောင်း မှားယွင်းချွတ်ချော်လျက်ရှိသည်ဟု မဆိုနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြင်ဆင်ရန် အကြောင်းမရှိပေ။ (၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ - ၆၉၁(၆၉၆)

၁၀။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

| | |
|---|---|
| **ဆုံးဖြတ်ချက်အမှတ်(၁)။** | ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၁-၈-၂၀၂၄ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၂၁/၂၀၂၄)၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။ |
| **ဆုံးဖြတ်ချက်အမှတ်(၂)။** | လျှောက်ထားသူ အလုပ်သမား ဒေါ်ဝင်းလှဲ့မိုး၏ လျှောက်ထားချက်ဖြစ်သော ကြားကာလအတွက်နစ်နာကြေးပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅ (ခ) အရ ဖြေဆိုရန် မလိုကြောင်း ဆုံးဖြတ်သည်။ |

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း၃၀အတွင်း ပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၂၉အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဒေါ်သီသီမာ | ဦးမောင်မောင်အေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |